ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**ဝန်ကြီးရုံး**

နေပြည်တော်

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောက်စိမ်းအရိုင်းများကို တရားမဝင် သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းနှင့် ပြည်ပသို့ ထုတ်ဆောင်ခြင်းများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန်အလို့ငှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)နှင့် မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ၅၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

**ကျောက်စိမ်းအသားကျောက်အရိုင်းများကို စည်းကမ်းချက်နှင့်အညီ သယ်ယူပို့ဆောင်ခွင့်ရှိသည့် ဒေသသတ်မှတ်ခြင်း**

၁။ နိုင်ငံတော်အတွက် ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရေးနှင့် ကချင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တန်ဖိုးဖြတ်အဖွဲ့တွင် မှတ်ပုံတင်၍ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအသားကျောက်အရိုင်း (အေ၊ ဘီ) အဆင့်များအား လုံးခင်း-ဖားကန့် ရတနာနယ်မြေ၊ မော်လူး-မော်ဟန် ရတနာနယ်မြေတို့မှ မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခွင့်ပြုလိုက်သည်။

၂။ မြစ်ကြီးနားမြို့သို့(အေ၊ ဘီ)အဆင့်ရှိကျောက်စိမ်းအသားကျောက်အရိုင်းများ သယ်ဆောင်ခွင့်ပြုရာတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အောက်ရှိ နယ်တူးဖော်ရေး ရုံးခွဲများသည် ခွင့်ပြုချက်၌ အောက်ပါအချက်များကို သတ်မှတ်ဖော်ပြရမည်-

(က) သယ်ဆောင်သည့် ကုမ္ပဏီ/အသင်း၊

(ခ) သယ်ဆောင်သည့် ကျောက်စိမ်းအသားကျောက်အရိုင်းအရေအတွက်၊အရှည်အသွေး၊ အလေးချိန်နှင့် အသေးစိတ်စာရင်း၊

(ဂ) ရတနာခွန်ပေးဆောင်ခဲ့သည့် စာရွက်စာတမ်း အထောက်အထားများ၊

(ဃ) သယ်ဆောင်သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ တာဝန်နှင့် နေရပ်လိပ်စာ၊

(င) သယ်ဆောင်သည့် ယာဉ်အမျိုးအစား၊ ယာဉ်အမှတ်နှင့် တင်ဆောင်သည့် ကျောက်စိမ်း အသားကျောက်အရိုင်းများ၏ ထုပ်ပိုးစာရင်း၊

(စ) သယ်ယူလိုသည့်မြို့နှင့် သယ်ယူရာတွင် ဖြတ်သန်းသည့် မြို့/ဒေသ၊ လမ်းကြောင်း။

၃။ မည်သူမဆို အပိုဒ်(၂)အရ သတ်မှတ်ဖော်ပြချက်ကို အကြောင်းတစ်စုံတစ်ရာကြောင့် ပြင်ဆင်ပြောင်းလဲလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအောက်ရှိ သက်ဆိုင်ရာ နယ်တူးဖော်ရေးရုံးခွဲများ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄။ ရတနာခွန်ပေးဆောင်ပြီးသော (အေ၊ ဘီ) အဆင့်ရှိ ကျောက်စိမ်းအသားကျောက်အရိုင်းများကို မြစ်ကြီးနားမြို့သို့ သယ်ယူပို့ဆောင်ရာတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းအောက်ရှိ နယ်တူးဖော်ရေးရုံးခွဲများက ထုတ်ပေးသည့် ခွင့်ပြုချက်နှင့် အခြားလိုအပ်သော အထောက်အထား စာရွက်စာတမ်းမှုရင်းများ တစ်ပါတည်း ပါရှိရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁၀ ခွဲ (၅) ၁၇ /သတ္တု(၈၆၄၅ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး ( )
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ကချင်ပြည်နယ်အစိုးရအဖွဲ့

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်, ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန — မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(ပုံ)

ငွေးအောင်

အမြဲတမ်းအတွင်းဝန်

D:\Section-1 -2017\2017-2\10 Word New\Gems order .docx